တူဒေးစာအုပ်တိုက်

# ကြွေးမြီကင်းသောဘဝနေမှု

**နေ့ပြန်တိုးနှင့်ချေးခြင်း**
အကြွေးဝယ်ယူခွင့်ကတ်
**ကြွေးဝါလွန်းခြင်း**
မဆင်မခြင်သုံးစွဲခြင်း
**အပြစ်ကြွေးနှံ**
ချေးငှားသုံးစွဲခြင်း
**ဘတ်ဂျက်မရှိဘဲ သုံးစွဲခြင်း**

ဒေါက်တာ သာထွန်းဦး

# The DEBT-FREE *Lifestyle*

ANDREW I. LIUSON
With Leah M. Darwin

# ထုတ်ဝေသူအမှာ

"Money Makes everything" ဟူသော ဆိုရိုးစကား ရှိပါသည် ။ ငွေသည် အရာရာတိုင်းကို ဖန်တီးပြုလုပ်ပေးနိုင်စွမ်း ရှိသည် မှာ အမှန်ပင် ဖြစ်သော်လည်း သုံးစွဲသူ၏ ဉာဏ်ရည်ဉာဏ်သွေး ပေါ်တည်၍ အကောင်းဆုံးများ ဖြစ် လာပြီး အကျိုးခံစားရနိုင်သကဲ့သို့ အဆိုးဆုံးများ ဖြစ် လာပြီး အကြွေးနွံနစ်ခြင်း အဆိုးများ လည်း ခံစားရနိုင်ပါသည် ။ ထို့ကြောင့် လည်း တချို့က ငွေကို 'မီး' နှင့် တူသည် ဟု ခိုင်းနှိုင်းကြပါသည် ။ သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူပင်။

လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် ငွေကြေးချို့တဲ့ စွာ နေထိုင် နေရသော်လည်း ဖုန်းဘေလ်အတွက် မနှမျောဘဲ သုံးနေသူ၊ လဆိုင်း အကြွေးဖြင့် ဝယ်၍ ရသမျှ ပစ္စည်းကို ဝယ်ယူသုံးစွဲနေသူများကို တွေ့နေရပါသည် ။ မိဘထားခဲ့သော ငွေကြေးဥစ္စာ အမွေအနှစ်ကို ဖြုန်းတီးပစ်လိုက်၍ ကုန်းကောက်စရာ မကျန်တော့သော အထည်ကြီးပျက်များကို လည်း ကြုံဖူးပါသည် ။ သူတို့ အားလုံး၏ တူညီသောအချက်မှာ ငွေကိုအလွဲသုံး စားလုပ်ပစ်ခြင်းပင် ဖြစ်ပါသည် ။ ငွေသည် လူမိုက်နှင့် အတူ မနေပါ။

ဝင်ငွေကို ချင့်ချင့်ချိန်ချိန် အကျိုးရှိစွာသုံးစွဲပြီး ကြွေးပူကင်းစွာဖြင့် ဘဝကို ဖြတ်သန်းနေကြသူများမှာ အတုယူ အားကျထိုက်သူများ ဖြစ်ပါသည် ။ စာရေးသူ အန်ဒရူးလူဆန်သည် ငွေကို အကျိုးရှိစွာ လှူဒါန်းအ

သုံးပြု ခြင်းနည်းလမ်းများကို လူအသီးသီး၏ ငွေကြေးဆိုင်ရာ ဖြစ်ရပ်မှန်များ နှင့် ယှဉ်တွဲဖော်ပြရေးသားထားရာ လူမျိုးမရွေး ဘာသာမရွေး လိုက်နာဖွယ် ကောင်းလှသဖြင့် ဘာသာပြန်ဆို ရေးသားထုတ်ဝေလိုက်ရပါသည် ။

**တူဒေးစာအုပ်တိုက်**

## ဘာသာပြန်သူ၏ အမှာ

ဆရာဒေါက်တာ အောင်သက်ညွှန့်ထံမှ 'Debt Free Lifestyle' စာအုပ်ကို လက်ဆောင်ရပါသည် ။ စာအုပ်ခေါင်းစဉ်နှင့် စာရေးသူ၏ ဘဝဇာတ်ကြောင်းကို ဖတ်ရှုပြီးနောက် ဖတ်သင့်သည့် စာအုပ်ဟု နားလည်ပြီး ချက်ချင်းဖတ်လိုက်ပါသည် ။ ဖတ်ပြီးသည့် နောက် ရလိုက်သည့် အတွေးမှာ အဆိုပါ 'Debt Free Lifestyle' စာအုပ်ကို ဘာသာပြန်လျှင် စာဖတ်သူများ အတွက် တစ်စုံတစ်ရာ အကျိုးရှိမည်ဟု ယုံကြည်မိပါသည် ။

ထိုကြောင့် လည်း ဆရာဒေါက်တာ အောင်သက်ညွှန့်အား ဆက်သွယ်ပြီး မူရင်းစာရေးသူ ဒေါက်တာ Andrew Liuson ထံမှ တရားဝင် ဘာသာပြန်ခွင့် ရနိုင်ရန်ကြိုးစားခဲ့ပါသည် ။ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် Andrew Liuson မှ သက်ဆိုင်ရာထုတ်ဝေသူနှင့် ညှိနှိုင်းပေးပြီး တရားဝင် ဘာသာပြန်ဆိုခွင့် ပြုခဲ့ပါသည် ။

အဓိက ဘာသာပြန်လိုရသည့် အကြောင်းမှာ ငွေ၏ အန္တရာယ်နှင့် အ

ရေးပါမှုကို တစ်ပြိုင်နက် သိရှိနားလည်ထားရန်နှင့် ကြွေးမြီကင်းသော ဘဝနေမှု၏ ကောင်းကျိုးများကို လူတိုင်း သိရှိစေလိုသည့် ဆန္ဒကြောင့် ဖြစ်ပါသည် ။

ဤစာအုပ်ကို အောင်မြင်စွာ ဘာသာပြန်နိုင်ရန် အခွင့်ပေးသော ထာဝရဘုရားသခင် သခင်ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော် ကျေးဇူးတော်ကို ရှေးဦးစွာချီးမွမ်းအပ်ပါသည် ။ ထို့ပြင် မူရင်းစာရေးဆရာနှင့် ထုတ်ဝေသူ၊ စာမူဘာသာပြန်ခွင့်ရရန် ကူညီပေးသော ဆရာ ဒေါက်တာ အောင်သက်ညွှန့်၊ ဘာသာပြန်လက်ရေးမူကို စာစီစာရိုက်ပြု လုပ်ပေးသော မဇင်မာဌေး၊ မျက်နှာဖုံး ရေးဆွဲပေးသော ဦးစောရန်နိုင် (TODAY)၊ ဘာသာပြန်စာမူ တစ်ခုလုံးကို ဖတ်ရှုတည်းဖြတ်ပေးသော မဝါဝါဆွေ၊ လိုအပ်သည် များကို တာဝန်ယူလုပ်ကိုင်ပေးသည့် ကိုဇော်ဝင်းနှင့် TODAY မိသားစုများ ၊ ဆုတောင်းပေးသော မိခင်ကြီး ဒေါ်ခင်မြင့်၊ ဇနီး ဒေါ်ကလျာညွှန့်နှင့် သားနှစ်ယောက် တို့ ကိုလည်း ကျေးဇူးအထူးတင်ရှိပါ သည် ။

စာဖတ်သူ အယောက်တိုင်းကိုလည်း ငွေကြေးအကြွေးနွံသာမက အပြစ်ကြွေးနွံထဲမှ လွတ်ကင်းစေလိုပါကြောင်း ဆုတောင်းအပ်ပါသည် ။

ဒေါက်တာသာထွန်းဦး

ဒေါက်တာအောင်သက်ညွှန့်၏ အမှာ စာ

ဒေါက်တာသာထွန်းဦးက ဤစာအုပ်အတွက် အမှာ ရေးပေးဖို့ ကျွန်ုပ်အား မေတ္တာရပ်ခံသောအခါ ကျွန်ုပ်မှ ဂုဏ်ယူဝမ်းမြောက်စွာ  လက်ခံခဲ့ပါသည် ။ အကြောင်းမှာ TODAY Group မှ ထုတ်ဝေသော စာအုပ်များသည် စာကောင်းပေကောင်းနှင့် လူအများကို အကျိုးပြုသော စာပေများဖြစ်သောကြောင့် ပင် ဖြစ်သည် ။

အခြားအကြောင်းတစ်ခုမှာ မူရင်းစာအုပ်ကို ရေးသားသူသည် ကျွန်ုပ်တို့ ၏ ခရစ်တော်သာသနာ့ အကျိုးဆောင်အဖွဲ့ (Myanmar Campus Crusade for Christ) ၏ ဘုတ်အဖွဲ့ဝင်လူကြီး၊ Philippine Council of Evangelical Churches ၏ ဘုတ်အဖွဲ့ဝင်လူကြီး၊ International Graduate School of Leadership  ၏ ဘုတ်အဖွဲ့ဝင်လူကြီးနှင့် Co-Founder and former president of Cityland, a real estate company  ဖြစ်ပြီး၊ သာသနာနှင့် စီးပွားရေးလုပ်ငန်း၌ အောင်မြင်သောပုဂ္ဂိုလ်၏ အတွေ့အကြုံများကို တင်ပြထားသည့် ဖြစ်ရပ်မှန်များ ဖြစ်သောကြောင့် ဖြစ်ပါသည် ။

စာရေးသူ Andrew I. Liuson ၏ ဝိညာဉ်နှင့် ရုပ်ပိုင်းဆိုင်ရာ အောင်မြင်မှုနှစ်ခုလုံး၏ အခြေခံ အရင်းအမြစ်မှာ စာရေးသူ၏ ဖခင်နှင့် မိခင်တို့ ၏ ဘုရားတရားကြည်ညိုမှုနှင့် မိသားစု တစ်ခုလုံးကိုလည်း ဘုရားတရားကြည်ညိုရန် လမ်းပြပို့ဆောင်၊ ခေါ်သွင်းတော်မူသောကြောင့် ဖြစ်ပါသည် ။

ဤစာအုပ်ပါ သင်ခန်းစာများ သည် ကျွန်ုပ်တို့ အသက်တာများကို အမှန်တကယ် ပြုပြင်ပြောင်းလဲမှု ရှိလာနိုင်ရန်၊ စာအုပ်ကို ဖတ်ရှုရုံဖြင့် မလုံလောက်ဘဲ မိမိတို့ ကိုယ်တိုင် လိုက်နာ ဆောင်ရွက်ရန် အရေးကြီးကြောင်းကို သိရှိပြီး၊ လိုက်နာဆောင်ရွက်ကြပါက သခင်ဘု

ရား အလိုတော် ဖြစ်သော စာအုပ်၏ ရည်ရွယ်ချက်ကို စာရေးသူကဲ့သို့ ခံစားစံစားနိုင်ကြမည် ဖြစ်ပါသည်။

အမေရိကန်နိုင်ငံ၏ သုံးဆယ်ယောက်မြောက် သမ္မတကြီး ကယ်ဗင် ကူးလစ်က 'ကိုယ့်မှာ ရှိတာလောက်နဲ့ လောက်အောင် သုံးနေတာလောက် အထင်ကြီးစရာကောင်းတဲ့ ဂုဏ်သိက္ခာမရှိဘူး၊ အရေးကြီးတဲ့ လွတ်လပ်မှုလည်း မရှိဘူး' ဟု အလွန်ဆီလျော်သော စကားကို မိန့်ဆို ခဲ့ဖူးပါသည်။

စာအုပ်၏ အခန်းတိုင်းကို ဖတ်သောအခါ အသိဉာဏ်တိုးရုံ သက်သက် မဟုတ်ဘဲ၊ မည်ကဲ့သို့ လိုက်လျှောက်ရမည်၊ လိုက်လျှောက်သင့်သည် ကို ဘုရားသခင် ဖော်ပြသည့် အတိုင်း ဆုတောင်း၍ ဖတ်ရှုလိုက်နာပါက အမှန်ပင် စာရှုသူ၏ ဘဝအတွက် ရာနှုန်းပြည့် အကျိုးဖြစ်ထွန်းမည်မှာ မြေကြီးလက်ခတ် မလွဲပင်ဖြစ်သည်။

ဤစာအုပ်၏ နောက်ဆုံးအခန်းမှာ စာရေးသူ၏ စာရှုသူများ ထံ အရေးကြီးသော ဖြစ်စေလိုသည့် ဆန္ဒမွန်ဖြစ်သည် ဟု ကျွန်ုပ်ယုံကြည်ပါသည်။ လောက၌ အသက်ရှင်စဉ် ငွေကြေးကိစ္စ အဆင်ပြေ၍ အကြွေးကင်းသော ဘဝသည် အရေးကြီးပါသည်။ ထို့ထက်ပို၍ အရေးကြီးသော အချက်မှာ ကျွန်ုပ်တို့ ၏ ဝိညာဉ်ရေးတွင် ဘုရားသခင် မျက်မှောက်တော်၌ အကြွေးကင်းရှင်းရန်ပင် ဖြစ်သည်။

ဤနောက်ဆုံးအခန်းကို အထူးအလေးထား၍ ဆုမွန်ကောင်းတောင်းလျက် ဖတ်ရှုပါက အမှန်တကယ်ပင် စာရေးသူ၏ ဆန္ဒမွန်သည် စာရှုသူအဆွေအပေါ် သက်ရောက်၍ ယခုဘဝ၊ နောင်ဘဝ ရုပ်ပိုင်းဆိုင်ရာ ငွေကြေး၊ အကြွေးကင်း၍ ၊ တမလွန်ဘဝတွင် လည်း ထာဝရဘုရားသခင် ရှေ့တော်မှောက်တွင် အပြစ်ကြွေကင်းသော ဘဝအ

သက်တာကို ရရှိခံစားနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက်...

“အပြစ်မှ လွတ်ခြင်း၊ ဒုစရိုက်အပြစ်ကို ဖုံးအုပ်ခြင်းသို့ ရောက်သော သူသည် မင်္ဂလာရှိ၏။ ထာဝရဘုရား အပြစ်တင်တော်မူခြင်းနှင့် လွတ်၍ ၊ လှည့်စားတတ်သော စိတ်သဘောနှင့် ကင်းစင်သော သူသည် မင်္ဂလာရှိ၏ ” (ဆာ ၃၂း၁-၂)

ဒေါက်တာအောင်သက်ညွန့်

National Director Emeritus

Myanmar Campus Crusade for Christ

# မူရင်းစာရေးသူ၏ ကျေးဇူးတင်လွှာ

- ရှေးဦးစွာအဖဘုရားသခင်၏ ထာဝရအသက်တာ လက်ဆောင်မွန် အတွက် အထူးကျေးဇူးတော် ချီးမွမ်းပါသည် ။

- ကျေးဇူးတင်လိုသည့် အခြားပုဂ္ဂိုလ်များမှာ -

- ကွယ်လွန်သွားပြီဖြစ်သည့် မိဘနှစ်ဦး၏ မေတ္တာ၊ အနစ်နာခံမှု၊ ကျွေးမွေးပြုစုစောင့်ရှောက်မှု၊ ဘုရားသခင်၏ ပုံသက်သေကောင်း နှင့် ဉာဏ်ပညာများ ၊

- ချစ်ဇနီးဖြစ်သူ ဂရေ့ (စ်) ၏ လုံ့လဇွဲဝီရိယ၊ ပံ့ပိုးမှုနှင့် မိတ်ဆွေကောင်း ပီသမှု၊

- ညီဒေးဗစ်၏ မိသားစုစီးပွားရေးအပေါ် ရဲတိုက်ကြီးသဖွယ် ကြံ့ကြံ့ခံရပ်တည်မှု၊

- ယောက်ဖဖြစ်သူ စတီဗင်ရက်(စ)ဆ၏ ဆယ်ဖို့ တစ်ဖို့ နှင့် မေတ္တာတရား အရေးပါမှု လမ်းပြသွန်သင်မှု၊

- မိမိ၏ တွဲဖက်စာရေးဆရာ လီရာဒါဝင်နှင့် အယ်ဒီတာ အဖွဲ့ဝင်များ ၊

- စာဖတ်ပရိသတ်များ ၏ အရေးပါသော အကြံပြုချက်များ နှ

င့် လေ့လာသုံးသပ်ချက်များ ၊

- စာပေဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ ၊

- ငွေကြေးဆိုင်ရာ သတင်းများ နှင့် အချက်အလက်များကို ပံ့ပိုးစစ် ဆေးပေးသူများ ၊

- ဤစာအုပ်တွင် ပါရှိသော အကြောင်းအရာနှင့် အချက်အလက်များကို ကူညီပံ့ပိုးသူများ ၊

- ဤစာအုပ် အကောင်းဆုံး ဖြစ်ပေါ်နိုင်ရေးအတွက် အနီးကပ် ပံ့ပိုး သူများ ၊

- မိမိအား ကျောက်ကပ် အစားထိုးလှူဒါန်းပေးသူ J.C.

- မိမိဘဝတွင် ဘုရားသခင်၏ နှုတ်ကပတ်တရားတော် များကို မျိုးစေ့ချပေးကြသော ကိုယ်တော်သခင်ယေရှု၏ အကိုင်းအခက်များ ဖြစ်သည့် သင်းအုပ်ဆရာများ ၊ အမှုတော်ဆောင်များ ၊ ဆရာ များ နှင့် ခရစ်ယာန်မိတ်ဆွေများ ၊

- တိုက်ဆိုင်သည် ဆိုသည် ထက်ပိုသော သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုများ တို့ ဖြစ်ပါသည် ။

## ဒေါက်တာစတိ (၁) ဘီဒေါက်ဂလပ်စ် အမှာ စာ

ပထမဆုံးအကြိမ် အင်ဒရူးလူဆန်အား တွေ့သည့် အခိုက်အတန့် တွ

င် ပင် ထူးခြားသူတစ်ဦး ဖြစ်ကြောင်း သတိပြုမိပါသည် ။ ဃောစကျ ဃ မကျေိုန ၢသမ ဃ့မျေအ အတွက် အမေရိကန်နိုင်ငံသား မဟုတ်သောအပြင် လူတစ် ယောက်ထည့်ရေးဆောင်ရွက်နေစဉ် နိုင်ငံ တကာ မိတ်ဆွေအသိုက် အဝန်းထံမှ လူတစ်ဦးတစ်ယောက်၏ အမည် ကို စတင်ကြားရပါသည် ။ ထိုသူမှာ ယနေ့ထက်တိုင် လူသိများ လေးစား သည့် ကွန်ဒိုမီနီယမ်များကို ဆောက်လုပ်သော အိမ်ရာမြေရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီ Cityland ၏ ပူးတွဲတည်ထောင်သူနှင့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ သူ ဖိလစ်ပိုင်နိုင်ငံသား အင်ဒရူးလူဆန်ပင် ဖြစ်ပါသည် ။

ထို့ထက်အရေးပါသည့် အချက်တစ်ချက်မှာ သခင်ယေရှု၏ နောက် လိုက်ကောင်း တစ်ယောက် ဖြစ်နေခြင်းပင် ဖြစ်ပါသည် ။ Cityland တ ည်ထောင်သည့် ၁၉၇၉ ကတည်းက စတင်၍ ရင်းနှီးမြှုပ်နှံသူ တစ်ဦးအ နေဖြင့် ငွေကြေးဆယ်ဖို့ တစ်ဖို့ ကို ပေးလှူသော ခရစ်ယာန် စီးပွားရှင်များကိုသာ ရှယ်ယာထည့်ဝင်ခွင့် ပြုပါသည် ။ ထိုမျှသာမက ၎ င်းတို့ ၏ ကွန်ဒိုမီနီယမ် အဆောက်အဦးများ တွင် နီယွန်မီးလုံးများ ဖြင့် I n God We Trust ကို ချိတ်ဆွဲထားကြပါသည် ။ ဖိလစ်ပိုင်နိုင်ငံတွင် လည်း ရှေ့ ဆောင်အိမ်ရာမြေ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Cityland အနေဖြင့် မကြာခဏ ဂုဏ်ပြုခံရပါသည် ။ Cityland အနေဖြင့် ဘုရားသခင်ရှေ့ လူသူရှေ့ သက်သေခံခြင်း၏ အကျိုးဆက်ဖြစ်သည် ဟု ကျွန်တော် အကြွ င်းမဲ့ ယုံကြည်ပါသည် ။

အင်းဒရူးလူဆန် အနေဖြင့် ၁၉၉၄ မှ စ၍ International Graduate S chool of Leadership ၏ ဥက္ကဋ္ဌနှင့် ဖိလစ်ပိုင်နိုင်ငံနှင့် အရှေ့ တောင်အာ ရှဆိုင်ရာ Campus Crusade ၏ အမှုတော်မြတ်တွင် စွမ်းစွမ်းတမံ ဆော င်ရွက်ခဲ့ပါသည် ။ ထို့အပြင် Philippine Council of Evangelical Churc hes ၏ ဥက္ကဋ္ဌအဖြစ်လည်း နှစ်အတန်ကြာ တာဝန်ထမ်း ဆောင်ခဲ့ပါသ

ည် ။

ကျွန်တော့်အနေဖြင့် အင်ဒရူးလူဆန်နှင့် အတူ Campus Crusade ၏ ဘုတ်အဖွဲ့တွင် ပူးတွဲတာဝန် ထမ်းဆောင်ရသည့် ကာလတစ်လျှောက် လုံးတွင် အင်ဒရူး၏ ဘုရားသခင်နှင့် ဖြောင့်မတ်စွာ လုပ်ကိုင် ဆောင်ရွ က်မှုကို သတိပြုမိပါသည် ။ သခင်ယေရှုအတွက် စွမ်းစွမ်းတမံ ဆောင်ရွ က်သူပီပီ ဘုရားရှိခိုးကျောင်း ဖြစ်စေ၊ မည်သည့် နေရာ ရောက်သည် ဖြ စ်စေ ဘုရားသခင်အား ပုဂ္ဂိုလ်ရေးအရ သိကျွမ်းခြင်း အရေးပါမှုကို အ လေးထား သက်သေခံပြောဆိုတတ်ပါသည် ။

အင်ဒရူးလူဆန်၏ သက်သေခံ ပြောဆိုချက်များမှ တစ်ဆင့် ကိစ္စရပ် များကို ရှင်းလင်းလွယ်ကူစွာ သုံးသပ်နိုင်ခြင်းသည် သူ၏ အဓိက အရည် အချင်း တစ်ရပ်ပင်ဖြစ်ပါသည် ။ ဤစာအုပ်တွင် အဆိုပါအရည် အချင်း ကို အသုံးပြု၍ ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို နားလည်လွယ်စေရန် တင်ပြထားပါသည် ။ မည်သည့် စီးပွားရေးသမားမဆို ရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့် ဝင်ငွေရှိရန်သာ အာရုံစိုက်တတ်ကြ သော် လည်း လက်တွေ့တွင် မူ အခြားအရေးပါသော အခြေခံအကြောင်းတ ရားများ ရှိနေပါသေးသည် ။ အင်ဒရူးအနေဖြင့် ထိုအခြေခံ အကြောင်း တရားများကို ဖော်ထုတ်ထားပါသည် ။ ဥပမာ- အလုပ်ကြိုးစား လုပ်ကို င်ရန်နှင့် မိမိဝင်ငွေထက်မပိုဘဲ ချွေတာသုံးစွဲတတ်ရန်တို့ ဖြစ်ပါသည် ။ ဤစာအုပ်သည် လူတိုင်းအတွက် အရေးပါသော အသုံးဝင်သော ငွေကြေးဆိုင်ရာ စည်းမျဉ်းများကို တင်ပြထားပါသည် ။

ယခုစာအုပ်တွင် အင်ဒရူးလူဆန်၏ ပုံပြောနိုင်စွမ်းကို သိမြင်နိုင်ပါသ ည် ။ လက်တွေ့ဘဝတွင် ကြုံတွေ့ရသည့် သင်ခန်းစာများ ဖြင့် ဥပမာ ပြ ထားသောကြောင့် ကြွေးမြီကင်းသည့် ဘဝလူနေမှုကို ညွှန်းဆိုထားပါ

သည် ။

ထိုမျှသာမက အင်ဒရူးလူဆန်အနေဖြင့် မိမိကိုယ်တွေ့ကြုံရ သည့် သင်ခန်းစာများကိုလည်း ဖော်ပြထားသည် ။ ငွေကြေးကို စနစ်တကျ မကိုင်တွယ် မသုံးစွဲတတ်သည့် အတွက် ဒုက္ခရောက်ကြသူတို့ မှာ အထူးသဖြင့် အိမ်ထောင်ရေးနှင့် အလုပ်အကိုင်တွင် ပါ ထိခိုက်နိုင်ကြောင်း တွေ့မြင်ထားသူလည်း ဖြစ်ပါသည် ။ သူပြောဆိုသည့် အတိုင်း လက်တွေ့ကျင့်သုံးနိုင်သူဖြစ်သဖြင့် စာဖတ်သူများ လည်း လိုက်နာအသုံး ချနိုင်ပါသည် ။

အင်ဒရူးသည် လည်း ဘဝ၏ ခါးသီးမှုကို လက်တွေ့ခံစားရသူ ဖြစ်ပါသည် ။ ၂၀၁၁ တွင် သူကိုယ်တိုင် ကျောက်ကပ်အစားထိုး လဲခဲ့ရပြီး အသက်ရှင်သန်မှု အခွင့်အရေးမှာ ၁၀၀ ရာခိုင်နှုန်း မဟုတ်ခဲ့ပေ။ သို့ သော်လည်း ဘုရားသခင်ကိုသာ အကြွင်းမဲ့ယုံကြည်လျက် ထိုစိန်ခေါ်မှု ကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါသည် ။ အထူးသဖြင့် ဘုရားသခင်၏ မေတ္တာတော်ကို ပျော်ရွှင်စွာခံစားရပြီး ဘုရားသခင်အနေဖြင့် သူ့ကို အသက်ရှင်စေခြင်းမှာ ရည်ရွယ်ချက်တစ်ခုရှိသည် ဟု လက်ခံထားလေ သည် ။

ထိုရည်ရွယ်ချက်တွင် အင်ဒရူးလူဆန် အနေဖြင့်လူပေါင်းများ စွာကို ငွေကြေးဆိုင်ရာကူညီ ပေးနိုင်မည့် ဤစာအုပ်ကို ရေးသားရန်လည်း ပါဝင်သည် ဟု ကျွန်တော် ယုံကြည်ပါသည် ။ ဤစာအုပ်ကို ဖတ်ရှုလျှင် စာရေးသူ၏ ရည်ရွယ်ချက်မှာ ကြွေးမြီကင်းသည့် လူနေမှု ဘဝကို ရရှိစေရုံသာမက အပြစ်၏ နောက်ဆက်တွဲ တရားများကြောင့် ဖြစ်လာသည့် အပြစ်နွံတွင်းမှ ပါ ကင်းလွတ်စေသည် ကို စာဖတ်သူတို့ ခံစားနိုင်ပါသည် ။

စာဖတ်သူအနေဖြင့် အခန်းတစ်ခန်း မဖတ်မီတိုင်း ရှေးဦးစွာ ဘုရားသခင်ထံ ဆုတောင်းခွန်အားယူ၍ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကိုခံယူလျက် ဘဝ၌ ပြန်လည်အသုံးချရန် ဆုတောင်းစေလိုပါသည် ။ လူတိုင်းအတွက် ဘုရားသခင်၏ အစီအစဉ်မှာ အပြစ်ကြွေးမြီ၏ သားကောင်အဖြစ်မှ ကင်းလွတ်ရန်ဖြစ်ပါသည် ။

စာအုပ်၏ နောက်ဆုံးအခန်းသို့ရောက်လျှင် ဘုရားသခင်ထံတော်သို့ တိုးဝင်ချဉ်းကပ်ပြီး ပြောင်းလဲသည့် တစ်သက်တာအဖြစ် ဆက်ကပ်နိုင်ရန် ဆုတောင်းစေလိုပါသည် ။ ဤသည် မှာ အင်ဒရူး ကြုံတွေ့ခဲ့ ရသည့် ဘဝအတွေ့အကြုံဖြစ်ပြီး စာဖတ်သူကိုလည်း ဤဘဝအတွေ့ အကြုံမျိုး ခံစားစေလိုသည် မှာ အင်ဒရူး၏ မျှော်လင့်ချက်ပင်ဖြစ်ပါသည် ။

ဒေါက်တာစတိ(ဗ)ဘီဒေါက်ဂလပ်စ်

ဥက္ကဋ္ဌ

Campus Crusade for Christ International